ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council (KSCC)

# အာဏာသိမ်းစစ်ကောင်စီမှ ကရင်နီပြည်သူလူထုများအား အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်မှုအပေါ် ရှုတ်ချ ကန့်ကွက်ခြင်းနှင့် အရေးပေါ် သဘောထားထုတ်ပြန်ချက်

၁။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက်၊ နေ့လည် (၁၁း၃၀) နာရီခန့်တွင် ကရင်နီပြည် ဖရူဆိုမြို့နယ် အနောက်ဖက်ခြမ်း မိုဆိုကျေးရွာအနီးသို့ နယ်မြေရှင်းလင်းရေးအတွက် စစ်ဆင်ရေးပြုလုပ်လာသော စစ်ကောင်စီ တပ်မ (၆၆) ၊ ခမရ (၁၀၈) ဦးဆောင် စစ်ကြောင်းအား ကရင်နီတပ်မတော် (KA) နှင့် ကရင်နီအမျိုးသားများ ကာကွယ်ရေး တပ်ဖွဲ့ (KNDF) တို့မှ  တွန်းလှန်ခုခံ တိုက်ခိုက်ခဲ့ရပါသည်။

၂။ အာဏာသိမ်းစစ်ကောင်စီမှ ထိုကဲ့သို့ ဖရူဆိုမြို့နယ်၊ မိုဆိုကျေးရွာသို့ စစ်ကြောင်းထိုးလာရုံမက ကျေးရွာလူထုများအား အဓမ္မရိုက်နှက်ဖမ်းဆီး၍ ပြည်သူပိုင်ပစ္စည်းများအား ဖျက်ဆီးသည့် လုပ်ရပ်အပေါ် ဝင်ရောက်တားမြစ်ခဲ့သည့် နယ်ခြားစောင့်တပ်ရင်း (၁၀၀၄) မှ တပ်ဖွဲ့ဝင် (၄) ဦးအားလည်း ကြိုးတုတ်ဖမ်းဆီး၍ ဦးခေါင်းများအား သေနတ်ဖြင့် ပစ်ခွဲ သတ်ဖြတ်ခဲ့ပါသည်။

၃။ ထိုမျှမက အပြစ်မဲ့ ရွာသူ၊ ရွာသား (၃၅) ဦးကျော်အား အဓမ္မဖမ်းဆီးသွားခဲ့ပြီး ဒန်ပါကား (၃) စီး၊ ကားငယ် (၃) စီး၊ ထော်လော်ဂျီနှင့် ဆိုင်ကယ် (၅) စီးနှင့် အတူ မီးရှို့ သတ်ဖြတ်ဖျောက်ဖျက်ခဲ့ပါသည်။

၄။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက် တစ်နေ့တည်း မနက်ပိုင်းတွင် ခမရ (၅၄) တပ်မှ လက်နက်ကြီး များဖြင့် ဘာဒိုရွာနှင့် နာနတ်တောရပ်ကွက်များအတွင်းသို့ အကြမ်းဖက်ပစ်ခတ်ခဲ့ရာ အိုးအိမ်များပျက်စီးခဲ့ရပြီး၊ လက်နက်ကြီးကျည် ထိမှန်ကာ အပြစ်မဲ့အရပ်သား (၁) ဦး သေဆုံးခဲ့ပါသည်။

၅။ ကရင်နီပြည်နယ်အတွင်းတွင် မေလ (၂၀) ရက်နေ့မှ စတင်ပြီး နေ့စဉ်ရက်ဆက် တိုက်ပွဲ ကြီးငယ်များ ဆက်တိုက်ဖြစ်ပွားလျက်ရှိရာ ပြည်နယ်၏ လူဦးရေ ထက်ဝက်မျှဖြစ်သော (၁၅၀၀၀၀) ကျော်ခန့်မှာ စစ်ဘေးရှောင်များအဖြစ်သို့ ရောက်ရှိနေရပါသည်။ ထို့အပြင် ယနေ့အချိန်အထိ စစ်ကောင်စီတပ်များ၏ အကြမ်းဖက်မီးရှို့ဖျက်ဆီးခြင်းနှင့်

လက်နက်ကြီး၊ အမြောက်များဖြင့် ရက်စက်စွာ ပစ်ခတ်မှုများကြောင့် အိုးအိမ်နှင့် အဆောက်အဦး (၆၅၂) လုံးကျော်ခန့် ဆုံးရှုံးပျက် စီးခဲ့ရပြီ ဖြစ်ပြီး၊ ရာနှင့်ချီသည့် အပြစ်မဲ့ ပြည်သူများ အသက်များ ဆုံးရှုံးခဲ့ရပြီဖြစ်ပါသည်။

၆။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက် တစ်နေ့တည်းတွင် အမျိုးသမီးများနှင့် အသက်မပြည့်သေးသည့် ကလေးသူငယ်များ အပါအဝင် ကရင်နီပြည်နယ်သား (၄၀) ဦး ခန့်အား အကြောင်းမဲ့ လူမဆန်စွာ သတ်ဖြတ်ခြင်းသည် အာဏာသိမ်းစစ်ကောင်စီမှ ရည်ရွယ်ချက်ရှိရှိဖြင့် လူသားမျိုးနွယ်စုဆိုင်ရာ လူမျိုးတုံး သတ်ဖြတ်မှုအား ပြောင်ပြောင်တင်းတင်း ကျူးလွန်လာခြင်းပင် ဖြစ်သည်။ ထိုကဲ့သို့ ကရင်နီလူမျိုးများအား အကြောင်းမဲ့ လူမျိုးတုံး သတ်ဖြတ်မှုများအား ကျူးလွန်လာခဲ့သည်မှာလည်း နှစ်ပေါင်း (၇၄) ခန့် ရှိလာခဲ့ပြီ ဖြစ်ပါသည်။

၇။ မိမိတို့ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီအနေဖြင့် ဤတော်လှန်ရေးနှင့် ကြားကာလတွင် ပြည်နယ်ပြည်သူလူထုအရေး အတွက် ဦးဆောင်တိုက်ပွဲဝင်နေသည်နှင့်အညီ အပြစ်မဲ့ ဖိနှိပ်ခံပြည်သူလူထုအား အကြမ်းဖက်စစ်ကောင်စီ၏ ထိုသို့ရက်စက်ကြမ်းကြုတ်ပြီး စက်ဆုပ်ရွံရှာဖွယ် အကြမ်းဖက်သည့် လုပ်ရပ်များအတွက် လူသားချင်းစာနာမှုဖြင့် သက်ဆိုင်သည့် ဖိနှိပ်ခံ ပြည်သူများ နှင့်ထပ်တူ နာကျင် ကြေကွဲဝမ်းနည်းရပါသည်။

၈။ ထို့အတွက်ကြောင့် မိမိတို့ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီအနေဖြင့် စစ်ကောင်စီ၏ လူမျိုးတမျိုးအပေါ် မတရား ဖိနှိပ်ညှင်းပန်းသတ်ဖြတ်နေသည့် လုပ်ရပ်များအား ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလိုက်သည့် အပြင် လူထုအတွက် တရားမျှတမှု ရရှိသည့်အထိ အကောင်အထည်ဖေါ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာခုံရုံးအနေဖြင့်လည်း အကြမ်းဖက်အာဏာသိမ်းစစ်ကောင်စီ၏ ဤကဲ့သို့ လူမျိုးတုံး သတ်ဖြတ်မှုအပေါ် လူသားချင်းစာနာထောက်ထားမှုဖြင့် တရားမျှတမှုရှိရှိ အရေးယူနိုင်ရေးအတွက် အချိန်နှင့်တပြေးညီ အလေးအနက်ထားလျက် ကြိုးပမ်း ဆောင်ရွက်ပေးသင့်ပါကြောင်း အရေးပေါ် ထုတ်ပြန်ကြေညာအပ်ပါသည်။

ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီ

ရက်စွဲ - ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၅) ရက်နေ့

ဆက်သွယ်ရန် ဖုန်း - +၆၆ ၉၈၀၀၆၃၆၄၄

**Contact No. - + 66 980063644**

**Email:** teamseckscc@protonmail.com